# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# နယ်စပ်ရေးရာဝန်ကြီးဌာန
# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# ရုံးအမှတ်(၄၂) ၊နေပြည်တော်
# လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများတွင် ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၃) | ၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀ | ၅ နေရာ |
| (ခ) | ပုံဆွဲ-၄ | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၅ နေရာ |
| (ဂ) | အငယ်တန်းစာရေး | ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀ | ၄၀ နေရာ |
| (ဃ) | ယာဉ်မောင်းစက်ပြင်-၅ | ၁၆၂,၀၀၀-၂,၀၀၀-၁၇၂,၀၀၀ | ၆ နေရာ |
| | **စုစုပေါင်း** | | **၅၆ နေရာ** |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။

(ဂ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(င) ရွေးချယ်ခံရသူများသည် ဝန်ထမ်းတာဝန်အား အနည်းဆုံး ၅ နှစ် ထမ်းဆောင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်း အမိန့်စာမှပယ်ဖျက်ခံရခြင်း စသည့် ပုဂ္ဂိုလ်များ လျှောက်ထားခွင့်မရှိပါ။

(ဆ) အငယ်တန်းအင်ဂျင်နီယာ-၃ ခန့်ထားရာ၌ ၎င်းရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ အလုပ်သင်အဖြစ် ဦးစွာခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါက အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးတွင် ဆက်လက်ခန့်ထားပါမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်း သတ်မှတ်ချက်နှင့် အသက်ကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အငယ်တန်း အင်ဂျင်နီယာ(၃) | - | A.G.T.I / B.E ( Civil, Mech, Archi )ဘွဲ့ရရှိပြီးသူများ ဖြစ်ရမည်။ (အသက် ၂၈နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (ခ) | ပုံဆွဲ-၄ | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ/ A.G.T.I (Civil,Mech) ဖြစ်ရမည်။ (အသက် ၂၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (ဂ) | အငယ်တန်းစာရေး | - | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။ (အသက် ၂၆ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |
| (ဃ) | ယာဉ်မောင်းစက်ပြင်-၅ | - | ယာဉ်မောင်းလိုင်စင် (ခ)အဆင့်ရှိရမည်။ ယာဉ်မောင်း အတွေ့အကြုံ ၂ နှစ်ရှိသူဖြစ်ရမည်။ (အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။) |

၄။ လျှောက်ထားသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန Website Page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ဆွဲပြီး ဖြည့်စွက်ကာ ၂၀-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ moba.ntl95@gmail.com သို့ Online မှ ပေးပို့လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၀-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ ဝန်ထမ်းမဟုတ်သူများသည် ဘွဲ့လက်မှတ်၊ ပညာအရည်အချင်းအတွက် ထောက်ခံချက်နှင့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် မိတ္တူများနှင့်အတူ လျှောက်ထားရမည်။ (ဖြေဆိုခွင့် ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်သော/ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ လျှောက်လွှာများအား စိစစ်ပြီး ဖြေဆိုခွင့်ရသူများစာရင်းအား ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် www.moba.gov.mm Website Page၊ နေပြည်တော်နှင့် နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများရှိ ကြော်ငြာ သင်ပုန်းတို့တွင် ထုတ်ပြန်ကြေညာပေးပါမည်။

၈။ ဖြေဆိုရမည့် ဘာသာရပ်များမှာ အငယ်တန်းစာရေး နေရာအတွက် အင်္ဂလိပ်စာ၊ မြန်မာစာ ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ တို့ဖြစ်သည်။ အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် ပုံဆွဲ-၄ ရာထူး လျှောက်ထားသူများအနေဖြင့် အထက်ပါ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ် ကိုပါဖြေဆိုရမည်။ စာမေးပွဲ ကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ဝန်ကြီးဌာန Website Page တွင် အချိန်မီကြိုတင်ကြေညာသွားပါမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် လူတွေ့ စစ်ဆေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်း (Psycho Test) တို့အား ဆက်လက်အစစ်ဆေး ခံရပါမည်။

၉။ အသေးစိတ် အချက်အလက်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ဖုန်းအမှတ်-၀၆၇၃-၄၀၉၃၅၅၊ ၀၆၇၃-၄၀၉၄၀၀ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန